# The Love of Jesus

# သခင်ယေရှု၏ ချစ်ခြင်းမေတ္တာတော်



**Ivan Edward**

**ဘာသာပြန်သည်။**

သခင်ယေရှုသည်မိမိ၏ ချစ်ခြင်းမေတ္တာနှင့် မြောက်များစွာသောအံ့ဖွယ်ရာနိမိတ်လက္ခဏာများဖြင့်ပြသတော်မူပြီးဖြစ်ကြောင်းကိုဧဝံဂေလိတရားတော်တွင်ရေးသားပြီးဖြစ်သောသော်လည်းကြီးမြတ်ဆုံးသောအံ့ဖွယ်ရာနိမိတ်လက္ခဏာတော်မှာကျွန်တော်တို့အားလုံးတို့အားအပြစ်မှခွင့်လွှတ်ခြင်းပင်ဖြစ်သောကြောင့်ကိုယ်တော်ရှင်သည်လက်ဝါးကားတိုင်တွင်အသေခံတော်မူခြင်းဖြင့်ဖြစ်နိုင်ချေရှိမှုကိုပြုလုပ်တော်မူခဲ့ပါသည်။ ထိုအရာထက်ကြီးမြတ်သောချစ်ခြင်းမေတ္တာမျိုးမရှိတော့ပါ။ ယင်းမှာကိုယ်တော်ရှင်သည်ကျွန်တော်တို့အတွက်အသေခံတော်မူခဲ့သောကြောင့်ကျွန်တော်တို့သည်ခွင့်လွှတ်ခြင်းအားရရှိကြသောကြောင့်လွတ်လပ်ခြင်းနှင့်အောင်မြင်ခြင်းတို့ဖြင့်ကျွန်တော်တို့အသက်ရှင်နေထိုင်နိုင်ကြပြီးကိုယ်တော်ရှင်နှင့်အတူကောင်းကင်နိုင်ငံတော်တွင်ထာဝရစိုးစံကြရမည်ဖြစ်သည်။

ကျွန်တော်သည်ယခင်ကအဘယ်မျှလောက်မကောင်းမှုမျိုးကိုကျူးလွန်မိခဲ့မှုအတွက်အကြောင်းမဟုတ်တော့ပါ။ ကိုယ်တော်ရှင်သည်မိမိ၏ သနားခြင်းကရုဏာတော်၌ကျွန်တော့်အားခွင့်လွှတ်တော်မူပြီးဖြစ်ပါသည်။

ကျွန်တော်သည်ခွင့်လွှတ်ခြင်းအတွက်ထိုအရှင်အထံတော်သို့မကြာခဏသွားရောက်ရန်ရှိရာကိုယ်တော်ရှင်သည်အစဉ်အမြဲချစ်တော်မူသည်ဆိုခြင်းမှာမှန်ကန်တော်မူပြီးကျွန်တော့်အားခွင့်လွှတ်လျက်ရှိတော်မူပါသည်။သင်တို့သည်လည်းမည်သည့်အရာမမျိုးကိုဆိုပြုလုပ်မိခဲ့ကြလျှင်ထိုအရှင်သည်ခွင့်လွှတ်လိမ့်မည်ဖြစ်ပြီးသင်တို့ပြုလုပ်ခဲ့ကြသောအရာမှာအဘယ်မျှလောက်စက်ဆုပ်ရွံ့ရှာဖွယ်ရာကောင်းစေခါမူအကြောင်းမဟုတ်ပါ။

*“ထာဝရဘုရားသည်ကျေးဇူးပြုတတ်သောသဘော၊သနားစုံမက်တတ်သောသဘောနှင့်ပြည့်စုံ၍ခန္တီတော်နှင့်ကရုဏာတော်သည်အလွန်ကြွယ်ဝပါ၏။”(ဆာလံကျမ်း ၁၄၅း၈၊၉)*

*“အရှေ့မျက်နှာစွန်းသည်အနောက်မျက်နှာစွန်းနှင့်ဝေးသည်အတိုင်း၊ငါတို့အပြစ်များကိုငါတို့နှင့်ဝေးစေတော်မူ၏။”(ဆာလံကျမ်း ၁၀၃း၁၂)*

*“ကိုယ်အပြစ်တို့ကိုဘော်ပြတောင်းပန်လျှင်၊ငါတို့အပြစ်များကိုလွှတ်၍ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါဘုရားသခင်သည်သစ္စာတရားနှင့်ဖြောင့်မတ်ခြင်းတရားနှင့်ပြည့်စုံတော်မူ၏”(ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁း၉)*

*“ငါတို့၌အတိုင်းထက်အလွန်များလှစွာသောကျေးဇူးတော်သည်ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ထိုသားတော်၏အသွေးအားဖြင့်အပြစ်လွှတ်တော်မူခြင်းတည်းဟူသောရွေးနှုတ်တော်မူခြင်းကျေးဇူးကိုငါတို့သည်ခံရကြ၏။”(ဧဖက်ဩဝါဒစာ ၁း၇)*

*သခင်ယေရှုက၊“ငါသည်တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည်ဘေးနှင့်ကင်းလွတ်လျက်ထွက်ဝင်၍ကျက်စားရကိုတွေ့ရလိမ့်မည်။”(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၀း၉)*

*သခင်ယေရှုက၊“ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည်ငါ၏အသံကိုကြား၍တံခါးကိုဖွင့်အံ့၊ထိုသူရှိရာသို့ငါဝင်၍သူနှင့်အတူစားသောက်မည်။ သူသည်လည်းငါနှင့်အတူစားသောက်ရလိမ့်မည်။”(ဗျာဒိတ်ကျမ်း ၃း၂၀)*

*သခင်ယေရှုတစ်ပါးတည်းသာလျှင်ကယ်တင်ရှင်ဖြစ်တော်မူခြင်း၊“ထိုသခင်၏နာမတော်မှတပါးငါတို့ကိုကယ်တင်နိုင်သောနာမတစုံတခုမျှကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ။..”(တမန်တော်ဝတ္ထု ၄း၁၂)*

*“ငါတို့သည်အပြစ်ရှိစဉ်ပင်၊ခရစ်တော်သည်ငါတို့အတွက်ကြောင့်အသေခံတော်မူသည်ဖြစ်၍၊ဘုရားသခင်သည်ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကိုငါတို့အားထင်ရှားပြတော်မူ၏။ သို့ဖြစ်၍ယခုတွင်အသွေးတော်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်ပြီးမှ၊ထိုသခင်အားဖြင့်အပြစ်ငရဲမှကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟုသာ၍မြော်လင့်စရာရှိ၏။”(ရောမဩဝါဒစာ ၅း၈–၉)*

*“အမျက်တော်ကိုခံစေခြင်းငှါဘုရားသခင်သည်ငါတို့ကိုခန့်ထားတော်မူသည်မဟုတ်။ ငါတို့သခင်ယေရှုခရစ်အားဖြင့်ကယ်တင်ခြင်းကိုပိုင်ရစေခြင်းငှါခန့်ထားတော်မူ၏။ ငါတို့သည်နိုးလျက်ရှိသည်ဖြစ်စေ၊အိပ်ပျော်သည်ဖြစ်စေ၊ထိုသခင်နှင့်အတူအသက်ရှင်မည်အကြောင်း၊ငါတို့အဘို့အသေခံတော်မူပြီ။”(သက်သာလောနိတ်ဩဝါဒစာပထမစောင် ၅း၉–၁၀)*

*သခင်ယေရှုသည်၊“ထိုသို့စုံလင်ခြင်းသို့ရောက်ပြီးမှ၊ယုံကြည်နားထောင်သောသူအပေါင်းတို့အားထာဝရကယ်တင်ခြင်းကျေးဇူးကိုပြုသောသူဖြစ်တော်မူ၍...”(ဟေဗြဲဩဝါဒစာ ၅း၉)*

*သမ္မာကျမ်းစာမှပြောဆိုလျက်ရှိသည်မှာ၊– “တရားတော်သည်သင်နှင့်နီး၏။ သင်၏နှုတ်၌ငှင်း၊သင်၏နှလုံး၌ ငှင်းရှိသည်ဟုဆို၏။ ထိုသို့ဆိုသော်၊ငါတို့ဟောသောယုံကြည်ခြင်းတရားကိုဆိုလိုသတည်း။ အဘယ်သို့နည်းဟူမူကား၊သင်သည်သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ဘုရားသခင်သည်သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟုစိတ်နှလုံးထဲ၌ယုံကြည်လျှင်၊ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါစိတ်နှ လုံးဖြင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါနှုတ်ဖြင့်ဝန်ခံရ ၏။ ကျမ်းစာလာသည်ကား၊ထိုကျောက်ကိုအမှီပြု သောသူမည်သည်ကား၊ရှက်ကြောက်ခြင်းမရှိနိုင်ရာဟုလာသတည်း။”(ရောမဩဝါဒစာ ၁၀း၈–၁၁)*

သင်တို့သည်ကယ်တင်ခြင်းကိုလိုအပ်ကြလျှင်ဤအရာကိုသင်တို့ရွတ်ဆိုနိုင်ကြသည်မှာ၊

*“ကောင်းကင်ဘုံစံအဖ၊အပြစ်သားဖြစ်သောကျွန်တော်၊ကျွန်မအပေါ်သနားခြင်းကရုဏာတော်သက်ရောက်စေတော်မူပါ။ ကိုယ်တော်ရှင်အားကျွန်တော်၊ကျွန်မယုံကြည်ပါသည်။ ကိုယ်တော်ရှင်၏နှုတ်ထွက်စကားတော်တို့မှာစစ်မှန်ဖြောင့်မတ်ပါ၏။ သခင်ယေရှုသည်အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ်သည်ကိုကျွန်တော်၊ကျွန်မယုံကြည်ပါ၏။ ထိုအရှင်သည်ကားတိုင်ပေါ်တွင်အသေခံတော်မူခဲ့သောကြောင့်ယခုကျွန်တော်၊ကျွန်မ၏အပြစ်အတွက်ခွင့်လွှတ်ခြင်းနှင့်ထာဝရအသက်ကိုရရှိခဲ့ပါသည်။ ကိုယ်တော်ရှင်သည်ကျွန်တော်၊ကျွန်မ၏နှလုံးသားထဲတွင်မရှိခဲ့သည့်အတွက်ကျွန်တော်၊ကျွန်မ၏အသက်တာမှာအဓိပ္ပါယ်မဲ့နေခဲ့သည်ကိုသိပါ၏။ ဘုရားသခင်သည်သခင်ယေရှုအားသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူခြင်းကိုကျွန်တော်၊ကျွန်မ၏နှလုံးသားထဲမှယုံကြည်ပါ၏။ အစဉ်အမြဲကျူးလွန်ခဲ့ခြင်း(သို့မဟုတ်)ကျွန် တော်၊ကျွန်မ၏နှလုံးသားထဲကပြုလုပ်ခဲ့သောဒုစရိုက်အပြစ်တိုင်းအတွက်ခွင့်လွှတ်သနားတော်မူပါ။ အို၊သခင်ယေရှု၊ကျွန်တော်၊ကျွန်မအားခွင့်လွှတ်တော်မူခါကျွန်တော်၊ကျွန်မ၏နှလုံးသားထဲသို့အရှင်သခင်နှင့်ကယ်တင်ရှင်အဖြစ်ယနေ့ကိုယ်တိုင်ကြွရောက်တော်မူပါ။ ကိုယ်တော်ရှင်အားကျွန်တော်၊ကျွန်မ၏ခမည်းတော်နှင့်မိတ်ဆွေဖြစ်စေဖို့ရန်လိုအပ်ပါ၏။ ကျွန်တော်၊ကျွန်မ၏အသက်တာတစ်ခုလုံးအားကိုယ်တော်ထံအပ်နှံပြီး၊ဤခဏတာအတွင်းအပြည့်အဝထိန်းချုပ်တော်မူပါရန်သခင်ယေရှု၏နာမတော်မြတ်ကိုအမှီပြု ၍ဆုတောင်းပါ၏။ အာမင်။”ဟုဆု တောင်းနိုင်ကြပါသည်။*




**ဆက်သွယ်ရန်။**

**E:mail - futurelifenews4u@gmail.com**

www.tracts.com/Karin’sTractPage.html